## ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သော နောက်ဆက်တွဲနားလည်မှု စာလွှာနှင့်ယင်း၏အစည်းအဝေးမှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာသဘောတူညီချက်

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့အကြား အောက်တွင်လက်မှတ်ရေးထိုးကြသော လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် တရားဝင်ကိုယ်စားလှယ်များက ချုပ်ဆိုကြပါသည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သော နောက်ဆက်တွဲနားလည်မှုစာလွှာ(နောင်တွင် နောက်ဆက်တွဲနားလည်မှုစာလွှာဟုခေါ်ဆိုပါမည်)၏ အပိုဒ် ၁၀ နှင့် ယင်း၏ အစည်းအဝေးမှတ်တမ်း (နောင်တွင် အစည်းအဝေးမှတ်တမ်းဟုခေါ်ဆိုပါမည်)တို့ကို မှတ်သားအခြေပြု၍ အောက်ပါအတိုင်း သဘောတူညီကြပါသည် –

၁။ နောက်ဆက်တွဲနားလည်မှုစာလွှာနှင့် ယင်း၏အရေးပါသော အစိတ်အပိုင်းဖြစ်သည့် အစည်းအဝေးမှတ်တမ်းအား အလားတူစမ်းသပ်ကာလအခြေခံဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစတင်၍ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိတိုင် သက်တမ်းတိုးမြှင့်ကာလ တစ်နှစ်ထားရှိရန် နှစ်ဦးနှစ်ဘက်သဘောတူညီကြပါသည်။

၂။ အဆိုပါနောက်ဆက်တွဲနားလည်မှုစာလွှာနှင့် အစည်းအဝေးမှတ်တမ်းပါ အနှစ်သာရများနှင့် စာသားအဝဝသည် ပကတိအတိုင်း အပြောင်းအလဲမရှိ တည်မြဲစေရမည်။

၃။ အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် တရားဝင်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးပြီးချိန်မှစ၍ အဆိုပါနောက်ဆက်တွဲနားလည်မှုစာလွှာနှင့် အစည်းအဝေးမှတ်တမ်းတို့သည် ဥပဒေကြောင်းအရ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၄။ ဤသဘောတူညီချက်ကို အိုင်အယ်(လ်)အို အုပ်ချုပ်ရေးအဖွဲ့သို့ ယင်းအဖွဲ့၏ အကြိမ် ၃၀၀ မြောက် အပြီးသတ်ဆုံးဖြတ်ချက်များနှင့် အညီ တင်သွင်းရပါမည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နေပြည်တော်၌ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် လက်မှတ်ရေးထိုးကြပါသည်။

(ဗိုလ်မှူးချုပ်တင်ထွန်းအောင်)
ဒုတိယဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရ

(မစ္စတာကာရီတာပီအိုလာ)
အမှုဆောင်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ
အဖွဲ့ရုံး